# ရှမ်းပြည်တောင်သူလယ်သမားများကွန်ယက်မှထုတ်ပြန်ချက်

ဇွန်လ ၂ ရက်နေ့ ၂၀၁၇

အသစ်ထပ်လုပ်မည့် EIA/SIA ကြောင့် ကျောက်မီးသွေးတိုးချဲ့တူးဖော်လာမည်ကိုနမ္မဒေသခံများစိုးရိမ်နေ

မြန်မာသဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြံပေးရေးကုမ္ပဏီ၏ ရှမ်းပြည်နယ်မြောက်ပိုင်းသီပေါမြို့နယ် နမ္မရွာသို့သွားရောက်လည်ပတ်ခဲ့ခြင်းအပေါ် ဒေသခံများက ကျောက်မီးသွေးတိုးချဲ့တူးဖော်လာမည်ဟု စိုးရိမ်နေကြပါသည်။

မေလ၂၈၊၂၀၁၇ တွင် မြန်မာ့သယံဇာတနှင့် ပတ်ဝန်းကျင်/ လူမှုရေးစီးပွားရေးစစ်တမ်း Resource & Environment Myanmar/ Social Economic Survey (REM) မှ ဒေါက်တာသီဟစိုး နှင့် ဒေါက်တာစန္ဒာလှိုင် တို့ ၁၀ ယောက်အဖွဲ့ နမ္မသို့ ရောက်ရှိခဲ့သည်။ နမ္မတွင် ငွေရည်ပုလဲ ၏ ၂၀၀၄ မှစ၍ တူးဖော်နေသော ကျောက်မီးသွေးလုပ်ငန်းခွင်ရှိသည်။ မနက်ပိုင်းတွင် ပန်ငါး၊ ဟူးမီ၊ တိန်းဟိုင်း နှင့် ဟိုနားဖစသည့် ပန်ငါးကျောက်မီးသွေးလုပ်ငန်းခွင် နှင့် နီးသော နေရာများမှ ဒေသခံများကို တွေ့ဆုံ ခဲ့ပါသည်။

နေ့လည်ပိုင်းတွင် နမ္မဘုန်းကြီးကျောင်းဆီသို့ သွားခဲ့ပြီး ဝမ်လုံ၊ ပိန်းဆိုင်း၊ ကုန်းပေါင်း၊ နားကွန်မှ နားကွန်ကျောက်မီးသွေးလုပ်ငန်းခွင် နှင့်နီးသောရွာမှ ဒေသခံရွာသူရွာသား ၇၉ ယောက်နှင့် တွေ့ဆုံ ခဲ့ပါသည်။ တစ်နာရီ မှ နှစ်နာရီအတွင်း ဒေသခံ ၃၆ ယောက်ကို မေးမြန်းခဲ့ပြီး အများစုမှာ နားကွန်နှင့် ကုန်းပေါင်းရွာမှဖြစ်သည်။

ထိုအဖွဲ့က စစ်တမ်းမေးခွန်းလွှာ နှင့်ရွာသူရွာသားများ၏ အသက်မွေးဝမ်းကျောင်း၊ လယ်ယာမှ ရသည့် တစ်နှစ်စာဝင်ငွေ တို့ကို မေးမြန်းခဲ့ပါသည်။ ကျောက်မီးသွေးတူးဖော်ရေးမှ ဒေသခံအပေါ် ဘယ်လို အကျိုးသက်ရောက်လဲ ဆိုတာကိုလည်း မေးမြန်းခဲ့ပါသည်။

ရွာသူရွာသား အများစုကတော့ ဆိုးကျိုးများစွာ သက်ရောက်သောကြောင့် ကျောက်မီးသွေးတူးဖော်ရေးနှင့် ပတ်သက်ပြီး သဘောမတူဘူးဟု ဖြေကြားခဲ့ပါသည်။ ဒေသ ခံများက ပိန်းဆိုင်းကျောက်မီး သွေးတွင်း ဟောင်းမှာ ဖြစ်ပေါ်လာသော သဘာဝမဟုတ်သည့် ရေကန်အကြောင်းလဲ ပြောခဲ့သည်။ ထိုရေကန်ကြောင့် အနားရှိမြေများ ကျွံဝင်ပြီး ဘေးပတ်ဝန်းကျင်ရှိ လယ်ထဲသို့ဝင်ပြီး အနီးအနားရှိ ချောင်များသို့စီးဝင်ကာ ရေညစ်ညမ်းမှု ကိုဖြစ်ပေါ်စေသည် ဟုဖြေကြားခဲ့သည်။ ထို့အပြင် ကျောက်မီးသွေးလုပ်ငန်းမှ ထွက်ပေါ်လာသော စွန့်ပစ်အညစ်အကြေးများကို လယ်ကွင်းများထဲ အမှိုက်ပုံသလိုလာပုံ ထားကြောင်း၊ရေအရင်းအမြစ်ကို ညစ်ညမ်းစေကြောင်းနှင့်မြေပြိုသည့် အန္တရာယ်ကို စိုးရိမ်နေကြောင်း ကိုလည်း ဖြေကြားခဲ့သည် ဟုသိရပါသည်။

မကြာသေးခင်က နားကွန်ကျောက်မီးသွေးတွင်း ၏အရှေ့မြောက်ဖက်တွင် အရှည် ၂၀၀ ပေခန့် ရှိသော အက်ကွဲပေါ်ထွက်လာသည် ကိုလည်းပြောခဲ့သည်။

ဒေသခံရွာသူရွာသားများက ကျောက်မီးသွေးတူးဖော်နေသည့်ကုမ္ပဏီ ကိုနမ္မဧရိယာမှ ထွက်ခွာသွားရန် လိုလားကြောင်းပြောသည်။ လျော်ကြေးပေးအပ်မှုများကိုလည်း လိုအပ်မှုမရှိကြောင်းနှင့် သတ္တုတူး ဖော်မှုများ ရပ်တန့်ရန်သာလိုအပ်ကြောင်းပြောသည်။



*REM မှ ဒေသခံများကို တွေ့ဆုံမေးမြန်းနေချိန်*

ဒေသခံများက မှတ်တမ်းကောက်သူများ လက်ရှိတူးဖော်နေသော ကျောက်မီးသွေး အကြောင်း သာ မေးမြန်းပြီး ငွေရည်ပုလဲမှ ဟိုနားဖရေအရင်းအမြစ် နေရာကို ကျောက်မီးသွေးတိုးချဲ့ တူးဖော်ရန် အတွက် ဒေသခံများကို စည်းရုံးနေသည့်အကြောင်း မမေးသည့်အတွက် မသင်္ကာသံသယဖြစ်နေသည်။

ဒေသခံလူငယ်များက မေးခွန်းလွှာ ပုံစံမိတ္တူပေးဖို့တောင်းဆိုပြီး မှတ်တမ်းကောက်သူများ မှ ပေးဖို့ သဘော မတူခြင်း အပေါ် စိတ်ပျက်နေကြသည်။ မှတ်တမ်းကောက်ယူသူထဲမှ တစ်ဦးက "နင့်ကိုနင်ဘာ ထင်နေသလဲ၊ ငါတို့ကမေးဖို့ပဲလာတာဖြေမှာသာဖြေ" ဟုပြောခဲ့ကြောင်းသိရှိရပါသည်။

ပြီးခဲ့သည့်အပတ် မေလ ၂၈၊၂၀၁၇တွင် REM အဖွဲ့က သီပေါရပ်ကွက်အုပ်ချုပ်ရေးရုံးတွင် အစည်းအဝေး လုပ်ခဲ့ပြီး နမ္မအပါအဝင်တခြားသီပေါမြို့နယ်အတွင်းရှိ ကျောက်မီးသွေးလုပ်ငန်းခွင် နှင့်နီးသော နေရာများ မှ ဒေသခံ ၈၀ ကျော်တက်ရောက်ခဲ့ပါသည်။ Shan Nationalities League for Democracy မှ လွှတ်တော်အမတ် ၂ ဦး အပါအဝင်ဖြစ်သည်။ အစည်းအဝေးတွင် REM က၂၈ ရက်နေ့ ၂၀၁၇ တွင် နမ္မသို့ EIA/SIA ကိစ္စဆောင်ရွက်ဖို့ သွားမည်ဟုပြောခဲ့ပြီး အစိုးရ၊ ကုမ္ပဏီဖက်ပါမည် မဟုတ်ဟု ပြောခဲ့သည်။




*နမ့်ရွာသူရွာသားများ*

သို့သော် ထိုအကြံပေးပုဂ္ဂိုလ်၏ပွင့်လင်းမြင်သာမှု မရှိသည့် EIA/SIA လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း နှင့် ဒေသခံရွာသူရွာသားများအပေါ် မရှိသေပဲ ရိုင်းပျစွာ ဆက်ဆံခြင်းက ကုမ္ပဏီဖက်တွင် သာရှိနေခြင်း ကို သက်သေပြနေသည်။ ဒေသခံနမ့်ရွာ သူရွာသားများက ကျောက်မီးသွေးတွင်း၏ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင် အပေါ် ဆိုးကျိုးသက်ရောက်ခြင်းကြောင့် ကျောက်မီးသွေးတူးဖော်ခြင်းကို ရပ်တန့်ရန် လိုလားနေသည်။ ရှမ်းပြည်တောင်သူလယ်သမားများကွန်ယက်မှ ဒေသခံကို လုံးဝထောက်ခံပြီး ငွေ ငွေရည်ပုလဲ ကုမ္ပဏီ၏ နမ့်ကျောက်မီးသွေးတူးဖော်ခြင်း ရပ်တန့်ရန်နှင့် နောက်ထပ်တူး ဖော်ဖို့ နေရာ တိုး ချဲ့ခြင်း မကြိုးစားဖို့ သတိပေးနိုးဆော်သည်။

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| နန်းဟွမ်ခမ်း | +၉၅(၀)၉၄၄-၀၇၇-၆၆၇၂ | နမ့်ဒေသခံ |
| စိုင်းဖှ | +၆၆(၀)၆၅-၀၂၆-၆၁၀၄ | ရှမ်းပြည်တောင်သူလယ်သမားများကွန်ယက် |

# နမ္မကျောက်မီးသွေးတူးဖော်ရာနေရာ

